ပြေလွင်မြင့်

# ကျန်စစ်သား ငါ့ကို ခိုးသည်

( တရားစီရင်ရေး အတွေးအမြင် )

## လွှမ်းလို့ရေးတဲ့အမှာစာ

ကျန်စစ်သားလည်း ငါ့အရှင်ကိုခိုး၍နန်းတင်မည်ဟူ၍ စောလူးထားရာမှာခိုးလေ၏။ စောလူးလည်း ကျန်စစ်သားပခုံးထက်တွင် ဤသို့ကြုံ၏။"ကျန်စစ်သားလည်း ခမည်းတော်လည်းမျက်ဖူးသသူ၊ ငါလည်းမျက်ဖူးသသူဖြစ်သည်၊ ငါ့ကိုသတ်လို၍ခိုးသည်ထင်သည်၊ ငရမန်ကန်းကားငါ့အထိန်းတော်သားဖြစ်၍ ငါနှင့်နို့တစ်ယောက်တစ်ဖက် စို့သသူဖြစ်သည်၊ ငါ့ကိုမသတ်တန်ရာ" ဟူ၍ ကြုံပြီးလျှင် "ကျန်စစ်သားငါ့ကိုခိုးသည်"ဟူ၍ဟစ်လေ၏။

(မှန်နန်းမဟာရာဇဝင်တော်ကြီး)

## (၁)

ဤစာအုပ်သည် နှစ်ကာလများစွာ ကျင်လည်အသက်မွေးမြူပြုခဲ့လျက် အရိပ်ခိုနေနားခဲ့သော နယ်ပယ်တစ်ခုအတွက် ကျွန်တော်၏နောက်ဆုံးထည့်ဝင်မှု ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ စင်စစ်၊ ကျွန်တော်သည် ဤသို့သော စာများကို ရေးသားရန် ရည်သန်ခဲ့သည်မဟုတ်ပါ။ ရေးဖြစ်ခဲ့သည်ဆိုစေဦး၊ ဤမျှများစွာရေးဖြစ်လိမ့်မည်ဟု စိုးစဉ်းမျှမမျှော်လင့်ခဲ့ပါ။

အခြေခံဥပဒေအရ ဖွဲ့စည်းပေါ်ထွန်းလာခဲ့သည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ် လက်ထက်တွင် ကျွန်တော်သည် ကန္တာရဝတီ ငွေ

တောင်ပြည်သို့ ဒုတိယအကြိမ်မြောက် ရောက်ရှိသွားခဲ့ရပြန်ပါသည်။ ခရိုင်တရားသူကြီးအဖြစ် တာဝန်ချထားခံရသည့် ဘောလခဲမြို့တွင် ကျွန်တော်ဖြေရှင်းပေးရမည့် အငြင်းအခုံများမရှိ၊ အမှုအခင်းများမရှိ၊ တရားစီရင်မှုအလုပ်မရှိ၊ သိမ်းထုပ်ဆောင်ယူသွားသော ဥပဒေစာအုပ်များထည့်သည့် ပီနံအိတ် ဖုန်တသောသောတက်လျက်။

လွိုင်ကော်မြို့မှနေ၍ စာချစ်သူတွေ မိတ်ဆွေလေးငဲငယ် ယူလာသည့် ဂျာနယ်များမှာ နေ့လယ်တစ်နာရီခန့်တွင် ကျွန်တော့်လက်ထဲသို့ ရောက်ရှိလာပါသည်။ ထိုစဉ်၊ မြစ်ဆုံအရေး၊ နိုးနိုးကြားကြားဆွေးနွေးနေသည်ကို အားပါးတရဖတ်ရှုရင်း၊ တရားစီရင်ရေးနှင့် စပ်လျက်သည့် စည်းလွတ်ဝါးလွတ် ဝေဖန်ချက်များကို စိတ်မချမ်းမြေ့စွာတွေ့မြင်ရင်း၊ အိပ်ရာဘေးကစားပွဲတွင် လက်နှိပ်စက်တစ်ချောက်ချောက်နှင့် ကျွန်တော်ချစ်သော အက်ဆေးလေးများကို ဖွဲ့သီရင်း ကျွန်တော်၏ ကန္တာရဝတီ ပထမနေ့ရက်များကို ကုန်လွန်စေခဲ့ပါသည်။

တစ်နေ့တွင် ရုံးသုံးအိုင်ပီစတား တယ်လီဖုန်းက မြည်လာခဲ့သည်။ ဖုန်းကိုင်တော့ ကယားပြည်နယ် တရားသူကြီးချုပ် ဆရာဦးတင်ဝင်းဖြစ်သည်။ သူသည် ကျွန်တော်၏ အထက်လူကြီးဖြစ်ပါသည်။ သို့သော်၊ ကျွန်တော့်ကို မည်သည့်အခါမျှ သူ့လက်အောက် အရာရှိတစ်ဦးအဖြစ် စီးပိုးဆက်ဆံခဲ့သူ မဟုတ်ပါချေ။ သူသည် ကဗျာဦးတင်ခင်ရီအောင် ဖြစ်နေခြင်းကလည်း အကြောင်းအရင်း တစ်ခုဖြစ်ကောင်း ဖြစ်နိုင်ပါသည်။ သူနှင့်ကျွန်တော်တို့ အပြန်အလှန်လေးစားစွာ "ဆရာ" ခေါ်ကြသည်။

“ဆရာလား၊ x x x ဂျာနယ် ဖတ်ပြီးပြီလား”

“ဟုတ်ကဲ့၊ ဖတ်ပြီးပါပြီဆရာ”

"ဆရာ ဘာမှပြန်မပြောချင်ဘူးလား၊ တစ်ခုခုပြန်မရေးချင်ဘူးလား"

"ပြန်ပြောချင်စရာတွေတော့ရှိတယ်ဆရာ၊ ဒါပေမဲ့ ကျွန်တော်မရေးချင်ဘူး"

"ဘာ့ကြောင့်လဲဗျာ"

"ဒါမျိုးကရေးမိရင် ကျားမြီးဆွဲမိသလိုပဲဖြစ်မယ်ဆရာ၊ လွှတ်လိုက်လို့ရတော့မယ် မထင်ဘူး"

"တရားစီရင်မှုသဘောကို သူတို့နားမလည်ဘဲပြောနေတာဗျ။ တစ်ခုခုတော့ ပြန်ရေးမှကောင်းမယ်"

ထိုစဉ်က ဆရာသည်အကြံပြုသည့်သဘောမျှသာပြောခဲ့သည်ဖြစ်သော်လည်း ဂျာနယ်တစ်စောင်က သည်းသည်းမဲမဲတိုက်ခိုက်ပြီး ပို၍ပို၍လွန်ကဲလာခဲ့ပြီး၊ လွှတ်တော်အမတ်တစ်ဦးနှစ်ဦးကပါ လက်ခုပ်သံရလိုဇောဖြင့် လိုအပ်သည်ထက်ပို၍ ပြင်းပြင်းထန်ထန် ဝေဖန်ပြောဆိုလာသောအခါ၊ ဆရာသည်အကြံပြုရာမှတိုက်တွန်း တောင်းဆိုသည်အထိ ဒီဂရီမြင့်တက်လာခဲ့ပါသည်။

"တစ်ပုဒ်နှစ်ပုဒ်ပဲဖြစ်ဖြစ်၊ ရေးစမ်းပါဗျာ၊ ပြည်သူလူထုကတော်တော့်ကိုအထင်လွဲစရာဖြစ်နေပြီ"

အားနာစရာ ကောင်းလောက်အောင် တွန်းတွန်းတိုက်တိုက် တောင်းဆိုခဲ့သည်ကို မလွန်ဆန်သာသည့် အဆုံး၊ "ဉာဏ်အားစွမ်းစ တတ်သမျှ"နှင့် တစ်ပုဒ်နှစ်ပုဒ်တော့ဖြင့် ရေးရန် ဆုံးဖြတ်လိုက်ပါသည်။ တစ်ချိန်တည်းမှာပင် စာပေဆောင်းပါးများသာ ရံဖန်ရံခါ ရေးသားခဲ့သောပြေလွင်မြင့် ကလောင်အမည်နှင့်ရေးရန် ဆုံးဖြတ်လိုက်ပါသည်။

သို့ဖြင့် ကျားမြီးကိုဆွဲခဲ့မိသော ကျွန်တော်သည် "တိုင်းသူပြည်သားတွေ အမှန်တရားပြန်ပေးပါ"၊ "အမှားဟောင်းကို လူသစ်တွေက လုပ်ရုံ

နဲ့ အမှန်ဖြစ်မလာနိုင်တဲ့ခေတ်" စာအုပ်နှစ်အုပ်ထုတ်ဝေခဲ့ပြီးနောက် ယခုတတိယအုပ် "ကျန်စစ်သား ငါ့ကိုခိုးသည်"အထိ ကျားမြီးကို မလွှတ်စတမ်း ဖမ်းဆွဲထားမိသည့် အခြေအနေသို့ ရောက်ခဲ့ရခြင်းဖြစ်ပါသည်။

(၂)

မိတ်ဆွေသူငယ်ချင်းများ၊ တရားစီရင်ရေးနယ်ပယ်တွင်အသက်မွေးမှုပြုသူ လုပ်ဖော်ကိုင်ဖက်များက အများနားလည်အောင် ဒါမျိုးရေးမှဖြစ်မယ်ဗျ၊ နို့မဟုတ်ရင် အကုန်အထင်လွဲစရာဖြစ်တော့မှာဗျ၊ ကျွန်တော်ပြောချင်တာတွေ ခင်ဗျားစာထဲမှာ အကုန်ပါတယ်ဗျ။ စသည်...စသည်ဖြင့် အားပေးမှုကြောင့်လည်း ဤမျှများသောစာများကို ရေးဖြစ်ခဲ့ခြင်းဖြစ်ပါသည်။

သည်စာများကို ရေးနေခဲ့စဉ် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ ဒုတိယညွှန်ကြားရေးမှူးအဖြစ် ကျွန်တော်ပြောင်းလဲခဲ့သည်။ အရှိန်ရနေပြီဖြစ်သဖြင့် ကလောင်ကို ဇက်မသတ်နိုင်ခဲ့ပါ။ တရားလွှတ်တော်ချုပ်ရှိ လူကြီးများက အားပေးသဖြင့်၊ သို့မဟုတ် ချီးမြှင့်မြှောက်စားသဖြင့် ယခုလိုစာမျိုးကို အင်တိုက်အားတိုက် ရေးခြင်းဖြစ်သည်ဟု ထင်မြင်ယူဆသူ၊ ပြောဆိုသူများရှိပါသည်။ မဟုတ်ပါ။

ရံဖန်ရံခါ Internet, Facebook တို့မှ download ဆွဲ၍ print out ထုတ်ထားသောစာစုတစ်ခုခုကို ကျွန်တော့်အားပြသလျက်"ဒါလေး၊ ပြန်ရေးပေးစမ်းပါဦးဗျာ"ဟု တာဝန်ပေးစေခိုင်းသည်မျိုးရှိတတ်ပါသည်။ ကျွန်တော်ကလည်း အိုင်ဒီယာရလျှင် (မိမိသဘောကျကျေနပ်လျှင်) ရေးပေးလိုက်သည်မျိုး ရှိတတ်ပါသည်။ ထိုမှတစ်ပါးအခါများစွာ မိမိ

သဘောအလျောက် ရေးသားခဲ့သည်ချည်းဖြစ်ရာရံဖန်ရံခါ "စွာ"သွားသည်မျိုးရှိလျှင် ဂျာနယ် အမြဲဖတ်နေသော သူ၏ကိုယ်ရေးအရာရှိအား "ခင်ဗျားဆရာကို တင်မပေးပါနဲ့ဗျာ"ဟု ထိမ်ချန်ခိုင်းရသည်မျိုးလည်းရှိခဲ့ဖူးပါသည်။

ကျွန်တော်သည် တရားဌာနတွင် အရာရှိဖြစ်ခဲ့ခြင်းနှင့် စာရေးသည့်ကလောင်တစ်ချောင်း ဖွားမြောက်စေခဲ့ခြင်းတို့မှာ တစ်ချိန်တည်းတစ်ပြိုင်တည်း လိုလိုပင်ဖြစ်ရာ နှစ်ဖက်လုံးကို သံယောဇဉ်ရှိပါသည်။ စာရေးသူတစ်ဦးအနေဖြင့် သူ့စာအပေါ် သူအပြည့်အဝ တာဝန်ယူရမည်ကို ကောင်းစွာနားလည်ခဲ့ပါသည်။ လွှတ်တော်နှင့် ဒေါက်တာဆိတ်ဖွား၊ ပြဿနာမီးပွား စည်းနေသည့်ကာလက ကျွန်တော့်အား ပြည်ထောင်စုတရားလွှတ်တော်ချုပ်၏ အရိပ်အာဝါသနှင့် ဝေးရာသို့ စေလွှတ်ပေးပါရန် တောင်းဆိုခဲ့ဖူးပါသည်။ ကျွန်တော်၏ အရေးအသားမလိမ္မာ၊ မပါးနပ်မှုကြောင့် ကျွန်တော်၏ အထက်လူကြီးများကို မထိခိုက်စေလိုခြင်းဖြစ်ပါသည်။ ထိုသို့နှယ် စိုးရိမ်ဖွယ်ရာ အခြေအနေတစ်ရပ်၌ နောက်ထပ် ကလောင်နာမည် တစ်ခုကိုပင် ထပ်မံတည်ဆောက်ခဲ့ရသည်အထိဖြစ်ပါသည်။

ငိုအားထက် ရယ်အားသန်ရမည့် ကိစ္စတစ်ခု ပြောလိုပါသေးသည်။

ပေပြလွင်မြင့် ဒုတိယအုပ် "အမှားဟောင်းကို လူသစ်တွေက..." စာအုပ်ကို ထုတ်ဝေသောအခါ သံတော်ဆင့်ဂျာနယ်က စာအုပ်အညွှန်းရေးပါသည်။ ထိုအညွှန်း၌ ကျွန်တော့်ဆောင်းပါးစာတစ်ပိုဒ်ကို ၎င်းတို့က ကောက်နုတ်ဖော်ပြခဲ့ပါသည်။

"ထင်ပေါ်ချင်လို့ နန်းရင်ပြင်မှာ မင်းချင်းတစ်ယောက်ရဲ့ ကျောကုန်းကို တံတောင်နဲ့ထထောင်းခဲ့တဲ့ မောင်ရစ်ရဲ့အပြုအမူမျိုးဟာ ဗန္ဓုလ

ခေတ်မှာဖြစ်နိုင်ပေမယ့် ဒီလိုခေတ်မှာအလွယ်တကူ မြှောက်စားခံရဖို့ မဖြစ်နိုင်တော့ပါဘူး"

အဆိုပါအညွှန်းပါပြီး နောက်တစ်ရက်တွင် ကျွန်တော်၏ အထက်အရာရှိဟောင်းတစ်ဦးက ဖုန်းလှမ်းဆက်သည်။

"ခင်ဗျား နေပြည်တော်မှာပဲလား"

"မဟုတ်ပါဘူးဆရာ၊ ပဲခူးမှာပါ"

"ပရိုမိုးရှင်းနဲ့ပေ့ါ ၊ လူကြီးတွေက ချီးမြှောက်လိုက်တာပေ့ါ"

"မဟုတ်ပါဘူးဆရာ၊ ဆရာက ဘာလို့အဲသလိုထင်တာလဲ"

"ခင်ဗျားက သူတို့ကို အကာအကွယ်ပေးတဲ့စာတွေ ရေးလို့ ရာထူးတိုးပေးလိုက်တာ မဟုတ်ဘူးလား"

"ဟဲ...ဟဲ ရာထူးတိုးဖို့ မပြောနဲ့၊ လျှော့မသွားတာ ကံကောင်းဆရာ၊ ပြီးတော့ ကျွန်တော်ရေးသင့်လို့ ရေးချင်လို့ ရေးနေတာပါ၊ ဘယ်သူ့ကိုမှ ကာကွယ်ဖို့မလိုပါဘူး၊ မျှော်လင့်ချက်တစ်ခုခုနဲ့ ရေးနေတာလည်း မဟုတ်ဘူးဆိုတာ ဆရာသိမှာပါ"

"ဒါဆို၊ အရင်တစ်ပတ်က ကျွန်တော့်ကို ဘာကြောင့်တွယ်လိုက်တာလဲ"

"ဘယ်သူ့ကိုမှ မတွယ်ပါဘူးဆရာ၊ ဆရာက ဘယ်စာကိုပြောနေတာလဲ"

"သံတော်ဆင့်မှာ၊ ဗန္ဓုလခေတ်မှာပဲရမယ်၊ ဒီခေတ်မှာမရတော့ဘူးဆိုတာလေ၊ ကျွန်တော့်ကို ..." အဲ့တော့မှ သူ ဘာကြောင့်ပြောသည်ကို ကျွန်တော်သဘောပေါက်လိုက်ပါသည်။ စင်စစ်၊ "စာနယ်ဇင်း အမှားအ

ယွင်းများ"ဆိုသော ဆောင်းပါးမှာ အဆိုပါဆရာနှင့် ဘာမျှမဆိုင်ပါ။ လူပြိန်းများ၏ လက်ခုပ်သံကို မျှော်ကိုး၍ ဆက်ရက်မသိ၊ ချိုးမသိ၊ ဆွမ်းကြီးဝင်ဝင်လာလောင်းနေသော စာနယ်ဇင်းသမားတချို့ကို ရည်ရွယ်ခဲ့ခြင်းဖြစ်သော်လည်း ဆရာက သူ့ကိုတွယ်သည်ဟု ထင်မြင်ယူဆခဲ့ဖြစ်ရာ ငိုရမည်လား၊ ရယ်ရမည်လား၊ ဒေါသနှင့် ကွဲကြေရမည်လားဆိုသည်ကိုပင် မသိတော့ပါ။

အားလုံးက ကျေနပ်လက်ခံကြလိမ့်မည်ဟု မမျှော်လင့်ခဲ့ရိုးအမှန်ဖြစ်ပါသည်။

"လွှတ်တော်အမတ်ကိုများ၊ ဘာအောက်မေ့လို့ ဒါမျိုးတွေလျှောက်ရေးနေတာလဲ" တရားရုံးနံဘေးရှိ လွှတ်တော်အမတ်နှင့်ပုလင်းတူဘူးဆို့ လုပ်စားနေသော မိတ်ဆွေတစ်ယောက်က ထိုသို့ပြစ်တင်မောင်းမဲသည်မျိုးပင် ရှိခဲ့ဖူးပါသည်။

## (၃)

စင်စစ်၊ ကျွန်တော်သည် ဤသို့သော စာများကိုရေးခဲ့ခြင်းအတွက် အခွင့်အရေးတစ်စုံတစ်ရာမျှော်ကိုးခြင်းမရှိသကဲ့သို့ အခွင့်အရေးတစ်စုံတစ်ရာ ရရှိခဲ့ဖူးခြင်းလည်း မရှိပါ။

ကျွန်တော်သည် ချို့တဲ့စွာ ပညာသင်ကြားနေသည့် ကာလတစ်ခု၌ စာပေကို အလွန်အကျူး ဝါသနာထုံခဲ့မိပါသည်။ ကျွန်တော်၏အချိန်များကို ရှေ့နှင့်နောက်လွဲမှား အသုံးပြုခဲ့သဖြင့် ဘဝတွင်နောက်ကျရခြင်းမှာကို စောစွာရရှိလျက် ခါးသီးနာကျင်စရာ ကြုံတွေ့ခဲ့ရသော်လည်း အကြောင်းအားလျော်စွာ စာရေးနိုင်သည့် ကလောင်တစ်ချောင်းကို ပိုင်ခဲ့

သည်ဟု ဆိုရပါမည်။

ဖြတ်သန်းခဲ့သောအတွေ့အကြုံများအရ တရားစီရင်ရေးနယ်နှင့် ဌာနအဖွဲ့အစည်းသည် မည်သို့မျှ နာမည်ကောင်းရခဲ့ရန် အကြောင်းမရှိသည်ကို အများသိပါသည်။ ဝေဖန်ထောက်ပြစရာများ ရှိသကဲ့သို့ ပြုပြင်ရန်၊ ဆင်ခြင်ရန်၊ပြန်လည်သုံးသပ်ရန်အချက်များရှိသည်ကို မည်မျှသူ အငြင်းမပွားခဲ့ပါ။

စာနယ်ဇင်းလွတ်လပ်ခွင့်များ ပွင့်လန်းစပြုသည့်အချိန်တွင် မဏ္ဍိုင်သုံးရပ်အနက် တရားစီရင်မှုနယ်ပယ်သည် ပြင်းထန်သောဝေဖန်ထိုးနှက်ချက်များကို အများဆုံးရင်ဆိုင်ရပါသည်။ မှန်ကန်သည့် ဝေဖန်ထောက်ပြချက်များပါရှိသည်ကို မငြင်းဆန်သာပါ။ ထို့အတူ၊ ပြင်းထန်သော၊ နာကျင်စေသော၊ တလွဲတချော်ဖြစ်သော၊ လွဲများသောဝေဖန်ထိုးနှက်ချက်များပါရှိသည်ကိုလည်း မငြင်းဆန်သာပါ။

ဤအခြေအနေတွင် မိမိတို့အသက်မွေးမှုပြုလျက်ရှိသောနယ်ပယ်သည် လူတကာက နားရွက်တံတွေးဆွတ်လိုက်၊ ထိပ်ပုတ်ခေါင်းပုတ်လုပ်လိုက်ဖြင့် ပို၍ကောင်းမလာနိုင်ကြောင်း၊ ဝေဖန်ထောက်ပြချက်များ မှန်ကန်စေကာမူလည်း ဝေဖန်ထောက်ပြပုံ မမှန်ကန်ကြောင်း၊ အမှန်ပြောဆိုသည့်တိုင် ပြောဆိုပုံ မမှန်ကြောင်း၊ လွတ်လပ်သည့်တရားစီရင်မှုကို ထိပါးကြောင်း၊ လွတ်လပ်သည့်တရားစီရင်မှုမရှိလျှင် သွားရမည့်ခရီးက ဝေးနေဦးမည်ဖြစ်ပါကြောင်း၊ စသည်စသည်ဖြင့် မိမိခံစားတွေးမြင်နိုင်သမျှ (Independent of Judiciary)ကို ဆုပ်ကိုင်လျက် ဤစာများကို အားထုတ်ကြိုးစားရေးသားခဲ့ခြင်းဖြစ်ပါသည်။

အခွင့်အရေးတစ်စုံတစ်ရာကြောင့် မဟုတ်မူ၍ မိမိကျင်လည်အသက်မွေးသည့်၊ မိမိအရိပ်ခိုနေနားသည့် နယ်ပယ်အား ကောင်းမွန်စေ

လိုသည့် စိတ်စေတနာသာလျှင် သစ္စာတရားဖြစ်ရာ "ကျန်စစ်သားငါ့ကို ခိုးသည်" အောင်မြည်လျှင်လည်း ပုဂံရာဇဝင်လာ စီရင်ထုံးကိုကိုးကားရန် မှတစ်ပါး အခြားမရှိပါ။

ကွယ်လွန်သူ၊ ကယားပြည်နယ်တရားသူကြီးချုပ် ဦးတင်ဝင်း(ကဗျာဆရာတင်ခင်ရီအောင်)ကို အောက်မေ့လွမ်းဆွတ်ကြောင်း ဖော်ပြအပ်ပါသည်။

ပြေလွင်မြင့်

*

## အချက်အလက်မရှိလျှင် စကားပြောခွင့်မရှိ

သတင်းရယူရန်ဟူသော အကြောင်းပြချက်ဖြင့် ညဥ့်အချိန် သူတစ်ပါး၏နေအိမ်သို့ ဝင်ရောက်ကျူးကျော်၍ အိမ်ရှင်ဖြစ်သူအား အသရေဖျက်မှု၊ ဆဲရေးမှု-စသည့်ပြစ်မှုများကို ကျူးလွန်ခဲ့ကြောင်း အမှု စစ်တရားရုံး၏ စစ်ဆေးတွေ့ရှိချက်အရ ထောင်ဒဏ်(၃)လ ချမှတ်ခံခဲ့ရ သော သတင်းထောက်မိန်းကလေးသည် ကယားပြည်နယ်အရှေ့ပိုင်းရှိ အကျဉ်းစခန်းတစ်နေရာတွင် ၎င်းကျူးလွန်မိခဲ့သော ပြစ်မှုများအတွက် အလွန်အေးစက်သည့် ကန္တရဝတီ ဆောင်းညများကို ရင်ဆိုင်ဖြတ်သန်း နေရဆဲ ဖြစ်သော်လည်း အဆိုပါ သတင်းထောက်မိန်းကလေးအား ဥပဒေအရ ကျခံနေရဆဲပြစ်ဒဏ်မှ လွတ်မြောက်ရေး၊ သို့မဟုတ် လျော့ပါးသက်သာစေရေးအတွက် သူမကို သတင်းထောက်အဖြစ် ခန့် ထားသည့် Eleven Media Group အနေဖြင့် ဥပဒေနှင့်အညီ ထိရောက် သော ဆောင်ရွက်မှုများကို ပြုလုပ်နေကြောင်း အထင်အရှားမတွေ့ရ သေးသည့် အခြေအနေ၌ ရှိနေဆဲဖြစ်သည်။

မိမိနေအိမ်အတွင်းသို့ ဖိတ်ခေါ်ခြင်းမပြုဘဲ ဝင်ရောက်ကျူးကျော် ထိပါးခံခဲ့ရကြောင်းဖြင့် ထိခိုက်နစ်နာသူ၏ တိုင်တန်းချက်နှင့် တရားရုံး ရှေ့ စစ်ဆေးပေါ်ပေါက်သော သက်သေခံချက်များအရ ပြစ်မှုထင်ရှား စီရင်ခဲ့ခြင်းနှင့် စပ်လျဉ်း၍ လွိုင်ကော်မြို့နယ်တရားရုံး၏ စစ်ဆေးစီရင် မှုသည် တရားမျှတမှုမရှိကြောင်း၊ မတရားသဖြင့် စီရင်ဆုံးဖြတ်ခြင်း ဖြစ်ကြောင်း၊ သတင်းလွတ်လပ်ခွင့်ကို ထိပါးကြောင်း၊ Eleven Media

Group ၏ ဂုဏ်သိက္ခာကို နစ်နာထိပါးစေကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၅၄ ပါပြဋ္ဌာန်းချက်နှင့် ကိုက်ညီခြင်းမရှိသည့်အပြင် တရားဥပဒေစိုးမိုးမှု မရှိစေသကဲ့သို့ ဖြစ်စေသည်ဟု ယုံကြည်ကြောင်း၊ ပြင်းထန်စွာကန့်ကွက်ကြောင်း၊ စသည်ဖြင့် ကြေညာချက်များထုတ်ပြန်ခဲ့ပြီး အဆိုပါတစ်ဖက်သတ် ထုတ်ပြန်ချက်ကိုယုံစားသည့် စာနယ်ဇင်းဆိုင်ရာ အဖွဲ့အစည်းအချို့ကလည်း အမှုဖြစ်ပွားပေါ်ပေါက်ခဲ့သည့် အကြောင်းအရင်းများကို လေ့လာစိစစ်မှုမပြုဘဲ သံတူကြောင်းကွဲ ကြေညာချက်များကို ထုတ်ပြန်နေခြင်းမှာ တရားစီရင်ရေးကို အုပ်စုလိုက်ဖိအားပေးရာရောက်သည်ဟု ထင်မြင်ယူဆဖွယ်ရာ ရှိသည်မှတစ်ပါး အကျဉ်းကျခံနေရဆဲဖြစ်သည့် သတင်းထောက်မခိုင်အတွက် အကျိုးသက်ရောက်မှု တစ်စုံတစ်ရာရရှိစေနိုင်မည့် ထိရောက်သော ပြုလုပ်ဆောင်ရွက်ချက်များ ဖြစ်သည်ဟု ထင်မြင်ယူဆဖွယ်ရာ မရှိချေ။

Eleven Media Group အနေဖြင့် ၎င်း၏ဝန်ထမ်းဖြစ်သူ သတင်းထောက်မခိုင်၏ ပြုလုပ်မှုများသည် ဥပဒေအရ မှန်ကန်သည်ဟု ယူဆပါကလည်းကောင်း၊ မိမိ၏ သတင်းထောက်ကို အကာအကွယ်ပေးလိုခဲ့ပါသည် ဆိုပါကလည်းကောင်း၊ မခိုင်၏အမှုကို ရက်ပေါင်း၅၀ ခန့် ကြာမြင့်ခဲ့သည့် စစ်ဆေးစီရင်မှုတွင် Media Group အနေဖြင့် ရှေ့နေရှေ့ရပ် ငှားရမ်းစီမံပေးခြင်းပြုသင့်သည်။ ရာဇသတ်ကြီး ပုဒ်မ၄၅၁၊ ၅၀၀ နှင့် ၂၉၄(ခ)တို့ဖြင့် စွဲချက်တင်ဖြေရှင်းစေခဲ့စဉ်က အထက်တရားရုံးအဆင့်ဆင့်သို့ စွဲချက်ပယ်ဖျက်ပေးရန် ပြင်ဆင်မှုတက်ရောက်သင့်သည်။ အမှုစစ်တရားရုံးရေး၏ အပြီးသတ်စီရင်ဆုံးဖြတ်ချက်အပေါ် ကျေနပ်မှုမရှိပါကလည်း အထက်တရားရုံးအဆင့်ဆင့်သို့ ဥပဒေနှင့်အညီ အယူခံ၊ ပြင်ဆင်မှုများတက်ရောက်ရန် အခွင့်အရေးရှိသည်။

သို့သော် Eleven Media Group အနေဖြင့် သာမန်ပြည်သူတစ်ဦးကဲ့သို့ ဥပဒေကပေးအပ်သည့် အခွင့်အရေးကို တန်းတူညီမျှရယူ၍ အမှုဆိုင်ပြိုင်ခြင်းထက် မိမိတို့ပိုင်မီဒီယာ စာမျက်နှာပေါ်မှတစ်ဆင့် တရားရုံးအပေါ်ထိုးနှက်တိုက်ခိုက်၍ ဖိအားပေးရန် ကြိုးပမ်းခြင်းကိုသာ စိတ်အားထက်သန်ခဲ့ဟန်တူသည်။ ခွင့်ပြုချက်ကြိုတင်ရယူခြင်းမရှိဘဲ သူတစ်ပါး၏နေအိမ်တွင်းသို့ ဝင်ရောက်ပြီးသည့် အခါတွင်မှ မိမိကိုယ်ကိုယ် သတင်းထောက်ဟု အသိပေးပြောဆိုခဲ့ခြင်း၊ အိမ်ရှင်နှင့် အချင်းများခဲ့ခြင်းကို သတင်းထောက်တစ်ဦး၏ သတင်းရယူပိုင်ခွင့် အဖြစ် လွဲမှားစွာယူဆခဲ့ဟန်တူသည်။ တည်ဆဲဥပဒေများတွင် သတင်းရယူရန်ဟူသော အကြောင်းပြချက်ဖြင့် အခြားသူတစ်ပါး၏ နေအိမ်အတွင်းသို့ ဝင်ရောက်ခြင်း၊ အိမ်ရှင်အားခြိမ်းခြောက်၍ စိတ်ငြိုငြင်စေသည်အထိ ထိပါးပြောဆိုခြင်း၊ အသရေပျက်စေခြင်း စသည်တို့ကို ပြုလုပ်ပိုင်သော အခွင့်အရေးရှိကြောင်း သတင်းထောက်များကို ကင်းလွတ်ခွင့်ပြုထားသည့် ပြဋ္ဌာန်းချက်တစ်စုံတစ်ရာ မရှိသော်လည်း ထိုသို့ပြုလုပ်ဆောင်ရွက်ပိုင်ခွင့်ရှိသည်ဟု မှားယွင်းစွာ ယူဆခဲ့ဟန်တူသည်။

တရားစီရင်ရေးနှင့် တရားရုံးများအပေါ် ပြုပြင်ရန်အချက်များနှင့် စပ်လျဉ်း၍ ယဉ်ကျေးသိမ်မွေ့စွာ ဝေဖန်ထောက်ပြခြင်းကို လက်ခံစဉ်းစားထိုက်ပါသည်။ သို့ရာတွင် သေချာရေရာခြင်းမရှိသော အချက်အလက်များကိုအခြေပြု၍ ထိပါးတိုက်ခိုက်မှုဟူသမျှသည် စွပ်စွဲပြောဆိုသူများကို သေးနုပ်သိမ်ဖျင်းစေရုံမှတစ်ပါး အကျိုးများနိုင်ဖွယ်ရာ မရှိသည်သာမက ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့်ဌာန အဖွဲ့အစည်း(များ)အပေါ် အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေရန် စွပ်စွဲပြောဆိုချက်များသည် ဥပဒေချိုးဖောက်ရာရောက်ကြောင်း သိစေချင်

သည်။

တရားရုံး၏ ဥပဒေအရအပ်နှင်းထားသည့် အခွင့်အာဏာကို သေးသိမ်စေခြင်း၊ သို့မဟုတ် သေးသိမ်ရန်ဖြစ်စေတန်ခြင်း၊ မှန်ကန်လွတ်လပ်စွာ တရားစီရင်ရေးအပေါ် အများပြည်သူက ယုံကြည်ကိုးစားမှုလျော့နည်းစေရန် တစ်နည်းနည်းဖြင့်ပြုလုပ်ခြင်းတို့သည် တရားရုံးများ မထီမဲ့မြင်ပြုမှု အက်ဥပဒေပုဒ်မ ၂(ဃ)အရ ပြစ်မှုဆိုင်ရာ မထီမဲ့မြင်ပြုမှုတွင် အကျုံးဝင်ကြောင်း မသိနားမလည်သူ တော်တော်များများ ရှိနေကြောင်း သံသယဖြစ်ဖွယ်ရှိသည်။ အဆိုပါဥပဒေချိုးဖောက်မှုကို တရားလွှတ်တော်သည် မိမိသဘောအလျောက်ဖြစ်စေ၊ နစ်နာသူ အမှုသည် တစ်ဦးဦး၏ လျှောက်ထားချက်အရဖြစ်စေ၊ အခြားနည်းအရ ဖြစ်စေ အရေးယူနိုင်ကြောင်း သေချာဃန၊ သိရှိနားလည်၊ သဘောပေါက်ခြင်း မရှိခဲ့သောကြောင့်သာလျှင် အကျိုးအကြောင်းမဲ့၊ ဆင်ခြင်တုံတရားမဲ့ ထိပါးတိုက်ခိုက်ခြင်းဖြစ်ကြောင်း ယူဆဖွယ်ရှိသည်။

ဥပဒေအရ ဂုဏ်သိက္ခာရှိစွာရရှိထားသည့် အခွင့်အရေးတစ်ရပ်အပေါ် ကျူးကျော်ထိပါးခဲ့သောသတင်းထောက်အား ထိခိုက်နစ်နာခဲ့ပါသည်ဟု ပြည်သူတစ်ဦး၏ တရားစွဲဆိုတိုင်တန်းခဲ့မှုကို အမှုစစ်တရားရုံးက နှစ်ဖက်သက်သေအစစ်ခံချက်များအရ လွတ်လပ်စွာ စီရင်ဆုံးဖြတ်ခဲ့ခြင်းသာဖြစ်သည်။ အဆိုပါအမှုမှာ တရားရုံးနှင့် သတင်းထောက်မခိုင်တို့ ဖြစ်ပွားခဲ့သောအမှုအခင်းမဟုတ်ဘဲ ဒေါ်အေးအေးဖြိုးနှင့် ဒေါ်ခိုင်ခိုင်အေးချို (ခ)မခိုင်တို့ဖြစ်ပွားခဲ့သော အမှုအခင်းဖြစ်ကြောင်း၊ သဘောမပေါက်နိုင်သည်မှာ အံ့သြဖွယ်ရာ ပဲ ဖြစ်သည်။

အကယ်၍မခိုင်အနေဖြင့် အထက်တရားရုံးသို့ အယူခံဝင်ရောက်

မည်ဆိုပါက အဆိုပါအမှုကို မခိုင် နှင့် ပြည်ထောင်စု မြန်မာနိုင်ငံတော်-၂ စသည်ဖြင့်- ခေါ်ဝေါ်သုံးစွဲရမည်ဖြစ်ရာ ထိခိုက်နစ်နာသူသည် မအေးအေးဖြိုး ဖြစ်စေကာမူ ၎င်း၏ ဥပဒေပါအခွင့်အရေးကို ထိပါးနစ်နာစေခြင်းအတွက် ၎င်းကိုယ်စား နိုင်ငံတော်က တရားလိုပြုရခြင်းဖြစ်ကြောင်း၊ အမှုစစ်တရားရုံးက ဥပဒေဖောက်ဖျက်ကျူးလွန်သည်ဟူသောစွပ်စွဲချက်နှင့် ကျူးလွန်ဖောက်ဖျက်ခြင်း မပြုပါဟူသော ခုခံချေပါပချက်များအပေါ် စစ်ဆေးစီရင်ရမည့် တာဝန်ရှိသည့်အတိုင်း စီရင်ဆုံးဖြတ်ခဲ့ခြင်း ဖြစ်ကြောင်း သဘောမပေါက်နိုင်သည်မှာ အလွန်အံ့သြဖွယ်ရာဖြစ်သည်။

စင်စစ်၊ မခိုင်နှင့်အမှုအခင်းဖြစ်ပွားခဲ့သူမှာ လှိုင်ကော်မြို့နယ်တရားရုံးမဟုတ်ချေ။

မည်သည့်အမှုစစ်တရားရုံးကမျှ ထိခိုက်နစ်နာသူတစ်စုံတစ်ဦး၏တိုင်တန်းစွဲဆိုချက်မရှိဘဲ၊ သို့မဟုတ် သက်သေများကို ဥပဒေနှင့်အညီစစ်ဆေးခြင်းမရှိဘဲ မလိုမုန်းထား၍ ပြစ်ဒဏ်ချမှတ် စီရင်ခြင်းမပြုချေ။ ဥပဒေကပေးအပ်သည့် အခွင့်အရေးကို တန်းတူညီမျှ ရရှိစေ၍ စစ်ဆေးစီရင်မှု ပြုခဲ့ခြင်းအပေါ် Eleven Media Group အနေဖြင့် မခိုင်အားအမှန်တကယ် ကာကွယ်လိုခဲ့သည် ဆိုပါက ဥပဒေပါအခွင့်အရေးကိုကိုင်စွဲ၍ အကောင်းဆုံးဟု(ထင်မြင်ယူဆသည့်) ရှေ့နေရှေ့ရပ်များငှားရမ်းစီမံပေးခဲ့ပေလိမ့်မည်။ ပြစ်ဒဏ်ချမှတ်ခြင်းအပေါ် ကျေနပ်မှုမရှိပါကလည်း ကိုယ်တိုင်နားလည် တတ်ကျွမ်းခြင်းမရှိလျှင် သင့်လျော်သော ရှေ့နေရှေ့ရပ်ဖြင့် အယူခံဝင်ရောက်ရပေလိမ့်မည်။

သို့ရာတွင် Eleven Media Group သည် ၎င်းတို့၏သတင်းထောက်မခိုင်အား တရားစွဲဆိုခြင်းခံရ၍ အမှုဆိုင်ပြိုင်လျက်ရှိသည့် ရက်ပေါင်း၅၀

အတွင်း တရားခွင်မှာတရားသူကြီးအစား ငွေထုပ်ပဲရှိသည့်အခါ ဆိုသောဆောင်းပါးကိုရေးသားလျက် တရားစီရင်ရေး တာဝန်ထမ်းဆောင်နေသူများကို သိမ်းကျုံးတိုက်ခိုက်ခဲ့သည်။ ပုံနှိပ်ဖော်ပြသည့်နေ့ရက်မှာ ၉-၁၂-၂၀၁၃ ရက်နေ့ဖြစ်သဖြင့် စီရင်ချက်ချမှတ်သည့် ၁၇-၁၂-၂၀၁၃ ရက်နေ့မတိုင်မီ(၈)ရက် အလိုတွင်ဖြစ်သည်။ ၎င်းတို့အနေဖြင့် အမှုကိုရိုးသားဖြောင့်မှန်စွာဆိုင်ပြိုင်ခြင်းထက် စီရင်ပိုင်ခွင့်အာဏာ အပ်နှင်းခံရ၍ စစ်ဆေးစီရင်နေသည့် တရားရုံးများကို ထိပါးတိုက်ခိုက်၍ ဖိအားပေးအနိုင်ရလိုသောစိတ်ဆန္ဒက ပိုမိုပြင်းပြနေခဲ့ဟန်တူသည်။

ယင်းဆောင်းပါးကိုဖတ်မိသည့်တိုင် တရားခံဖြစ်သည့် သတင်းထောက် မိန်းကလေးအပေါ် ငြိုငြင်မှုမရှိဘဲ အလွန်သက်ညှာသော ပြစ်ဒဏ်ကိုချမှတ်စီရင်ခဲ့သည့် အမှုစစ်တရားသူကြီး၏ လူကြီးလူကောင်းဆန်မှုကို ဂုဏ်ပြုရမည်ကဲ့သို့ရှိနေသည်။

မည်သည့်ပြစ်မှုကို ကျူးလွန်ခြင်း မရှိကြောင်းနှင့် အပြစ်ကင်းစင်ကြောင်း သက်သေ မထူနိုင်ခဲ့သည့် မိမိတို့၏ သတင်းထောက်မိန်းကလေးတစ်ဦးသည် ကယားပြည်နယ် အရှေ့ပိုင်းရှိ အကျဉ်းထောင်တစ်ခုအတွင်း ပြစ်ဒဏ်ကျခံနေရဆဲဖြစ်သော အချိန်တွင်လည်း အမှုတွဲမိတ္တူကူးခြင်းဆိုင်ရာ နည်းဥပဒေအပိုဒ်-၁၅ နှင့်အညီ မိတ္တူကူးယူရရှိနိုင်သည့် တရားရုံးစီရင်ချက်ကို သေချာစွာ လေ့လာစိစစ်ခြင်းမပြုခဲ့ဘဲ တရားရုံးများအပေါ် ထိပါးတိုက်ခိုက်သည့် ကြေညာချက်များထုတ်ပြန်ခြင်း၊ စာနယ်ဇင်းအဖွဲ့အစည်းအချို့နှင့် အများပြည်သူသို့ ထင်ယောင်ထင်မှားဖြစ်စေနိုင်သည့် သတင်းလွတ်လပ်ခွင့် Freedom of Press အတွက် ရပ်တည်ပေးကြရန် လှုံ့ဆော်ခြင်းတို့သာလျှင် ပြုလုပ်နေခြင်းမှာ သတင်းထောက်မခိုင်အတွက် အဖြေမရရှိနိုင်ချေ။

သတင်းထောက်မိန်းကလေး မခိုင်ခိုင်အေးချို(ခ) မခိုင်အတွက် အမှန်တကယ် စိတ်မကောင်းဖွယ်ရာ ဖြစ်သော်လည်း အကျိုးမဖြစ်တန် ရာသော ဆောင်ရွက်မှုများမှာမူ အားရကျေနပ်ဖွယ်ရာ မရှိချေ။ စီစစ် ပြစ်မှုကိုမကျူးလွန်ကြောင်း သက်သေထင်ရှား မပြသနိုင်ပါဘဲလျက်၊ သို့မဟုတ် အများပြည်သူလိုက်နာရမည့် ဥပဒေတစ်ရပ်ရပ်အား မည်သ ည့်သတင်းထောက်ကမဆို၊ သို့မဟုတ် Eleven Media Group ၏ သတင်းထောက်တစ်ဦးဦးက ချိုးဖောက်ကျူးလွန်နိုင်ကြောင်း ခွင့်ပြုသ ည့် ဥပဒေတစ်ရပ်ရပ် ပြဋ္ဌာန်းထားခြင်း မရှိခဲ့ပါဘဲလျက် ဥပဒေနှင်အညီ အယူခံမှုတင်သွင်းခြင်း မပြုဘဲ သတင်းလွတ်လပ်ခွင့်၊ Freedom of Press အစရှိသောဧရာမစကားလုံးကြီးများဖြင့် ၎င်း တို့၏သတင်းထောက် လွတ်မြောက်ရေးကိုကြိုးပမ်းနေသည်-ဆိုခြင်းမှာ ဝမ်းနည်းဖွယ်ရာဖြစ်သည်။

စီရင်ပိုင်ခွင့်အာဏာရှိသည့် တရားရုံး၏စစ်ဆေးဏီရင်မှုအပေါ် (ထိခိုက်နစ်နာသူက) ကျေနပ်မှုမရှိပါက ဥပဒေနှင့်အညီ အယူခံတင် သွင်းနိုင်သည့် အခွင့်အရေးကိုကိုင်စွဲရမည့်အစား တရားရုံးကိုအများ ပြည်သူအထင်အမြင်လွဲမှားစေနိုင်သည့်၊ သို့မဟုတ်-ဖိအားပေးရာ၊ လွှမ်းမိုးရာရောက်သည့် ကြေညာချက်များထုတ်ပြန်ခြင်းသည်သာ တရားဥပဒေစိုးမိုးရေးကို ဆန့်ကျင်သည့် ပြုလုပ်မှုများဖြစ်ကြောင်း နားလည်သဘောပေါက်ရန် လိုမည်ဖြစ်သည်။

တရားဥပဒေစိုးမိုးရေး၏ တစ်ခုသောအနက်အဓိပ္ပာယ်အရ ဥပဒေ၏အထက်တွင် မည်သူမျှမရှိစေရ၊ သို့မဟုတ် တရားဥပဒေ၏ ရှေ့မှောက်တွင် မည်သူမဆိုတန်းတူညီမျှရှိကြရမည်ဟူ၍ ဖြစ်တန်ရာ သည်။ မည်သူမဆို ဟူသောစကားရပ်တွင် စာနယ်ဇင်း မီဒီယာသမား များလည်းပါဝင်ပေလိမ့်မည်။ တစ်ရားခံဘက်မှ အယူခံတင်သွင်းခွင့်ရှိ

သကဲ့သို့ အမှုတွင် ထိခိုက်နစ်နာသူ၊ တရားလို ဒေါ်အေးအေးဖြိုးအနေဖြင့်လည်း ပြစ်ဒဏ်မှာ လျော့နည်းသက်ညှာရာရောက်သည့်အတွက် ပြစ်မှုနှင့်လျော်ညီသည့်ပြစ်ဒဏ်ကို တိုးမြှင့်ချမှတ်ပေးပါရန် ပြင်ဆင်မှု တင်သွင်းခွင့်ရှိနေသည်။ နိုင်ငံသားတိုင်းကို ဥပဒေကတူညီစွာ ပေးအပ်သည့် အခွင့်အရေးဖြစ်သည်။

ပြေလွင်မြင့်

Pyaylwinmyint@gmail.com

2013 January 1

*